### ရှာဖွေတွေ့ရှိခြင်း
### လမ်းညွှန် (၁၇)
## ဝေငှခြင်းဖြင့်ကြီးထွားနိုင်သောသော့ချက်

လာရီသည် ညနေခင်းအချိန်အခါလက်ဖက်ရည်နှင့်မရွေးကို မစ္စတာကိုမိုရီအိမ်၌စားသောက်နေစဉ် လာကြသောညှေ့သည်တို့သည် မျှော်လင့်ခြင်းဖြင့် ကျမ်းစာကိုထုတ်ကာ ကျွန်တော်တို့ကိုကျမ်းစာသင်ပေးပါဟု လာရီအားတောင်းဆိုသည်။ သောက်ခဲ့သောလက်ဖက်ရည်သည် လည်ချောင်းတွင်ဆို့သွားသကဲ့သို့ဖြစ်သွားပါသည်။ လာရီအထင်ကတော့စားမည်သောက်မည်၊ ပျော်မည်ပါးမည်ဟုထင်ခဲ့သော်လည်း ဘာပြောရမှန်းမသိသလောက်ဖြစ်သွားရပါသည်။ လာရီသည် ခရစ်ယာန်စကားပြောသင်တန်းကျောင်းတွင် အင်္ဂလိပ်စာအထူးဘာသာရပ်များနှင့်ကျမ်းစာကိုသင်ခဲ့သော်လည်း ကြိုတင်စီစဉ်မှုနှင့်လေ့လာမှုမရှိသောကြောင့် သူ့အတွက်အခက်အခဲဖြစ်ခဲ့ပါသည်။ လာရီသည် ကလေးဘဝကပင် ကျမ်းစာပုံပြင်များကြားခဲ့ရဖူးသည်။ သို့ရာတွင် ပုံပြင်များတို့သည် သူ့အတွက်ခံစားမှုနှင့်စိတ်ထိခိုက်မှုမရှိပါ။ သူ၏လုပ်ရပ်များသည် ဘုရားသခင်၏ရှေ့တွင်မမှန်ကြောင်းကိုလည်းသိပါသည်။ ထို့ကြောင့်သူသည် ဘုရားသခင်အကြောင်းမသိဘဲ သူများတို့အား ဘုရားသခင်အကြောင်းပြောရန်မလွယ်ပါ။ သူသည် ဖျာပေါ်၌ထိုင်၍ သူ၏ပတ်လည်တွင် တရားနာထောင်လိုသူများဝန်းရံလျက်ရှိပါသည်။ သူသည် သူများရှေ့တွင်သူ၏အစွမ်းနှင့်ပညာတို့သည် ပြိုကျလုဆဲဖြစ်နေသည်။ ယခုလိုအချိန်မျိုးတွင် ကြောက်စိတ်မွှန်၍ တုန်လှုပ်ချောက်ချားဖြစ်နေသည့်အခါ ကျမ်းစာမှကျမ်းတစ်ပိုဒ်အကြောင်း “သန့်ရှင်းသောဝိညာဉ်တော်သည် “ပြောဆိုရမည့်စကားနှင့် ပြောဆိုနိုင်သောစွမ်းရည်သတ္တိကိုပေးနိုင်မည်ဟုသတိရပါသည် (လုကာ ၁၂:၁၂)။ သူသည်အားထုတ်ကာ သူသိရှိနားလည်သောပုံပြင်ဖြစ်သည့် ပျောက်သောသားအကြောင်းကို တုန်တုန်ယင်ယင်ဖြင့်ပြောပြလေသည်။ သူသည် ထိုပုံပြင်ရှိအရေးကြီးသည့်တရားဖြစ်သောဘုရားသခင်ထံပါးမှ လမ်းချော်သွားသောအကြောင်းအရာများကို စိတ်ပါစွာဖြင့်ပြောကြားလေတော့သည်။ သူ၏တရားစကားများသည် နားထောင်သူတို့၏စိတ်ကိုထိခိုက်စေသည်။ သူ၏အသက်တာတွင် ပထမဦးဆုံးအကြိမ် ဘုရားသခင်သည် သူ့အားမည်မျှချစ်ကြောင်းနားလည်လာတော့သည်။ ထိုညတွင် သူ၏အိပ်ရာဘေးတွင် ဒူးထောက်ကာ ဘုရားသခင်သည် သူနှင့်မည်မျှနီးကပ်ကြောင်းနှင့်ရင်းနှီးကြောင်းကိုသိလာခဲ့လေသည်။

### ၁။ ခရစ်တော်သည် ဝေငှခြင်းဖြင့် ကြီးပွားလာနိုင်ကြောင်း အကြံဉာဏ်ပေး၍ တိုက်တွန်းနှိုးဆော်၏

တမန်တော်တို့သည် သုံးနှစ်ခွဲအတွင်းတွင် နှုတ်အားဖြင့်သော်လည်းကောင်း၊ လက်တွေ့အားဖြင့်သော်လည်းကောင်း ခရစ်တော်နှင့်အတူကူညီလုပ်ဆောင်ခဲ့သည်။ နောက်ဆုံးသေခြင်းနှင့်ထမြောက်ရှင်ပြန်သည့်အထိ ခရစ်တော်

နှင့်အတူ အမှုတော်လုပ်ငန်းတွင်ပါဝင်ဆောင်ရွက်ခဲ့သည်။ ခရစ်တော်သည် ကောင်းကင်သို့ပြန်လည်ကြွခါနီးတွင် တမန်တော်တစ်ဦးစီတို့အား သူ၏ကိုယ်စားလှယ်အဖြစ် တာဝန်ဝတ္တရားများကိုပေးအပ်ခဲ့ပါသည်။ "သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည် မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟုမိန့်တော်မူ၏ "(တမန်တော် ၁း၈)။ ခရစ်တော်၏တမန်တော်တို့သည် ချွင်းချက်မရှိဘဲ ကိုယ်စိတ်နှစ်ဖြာကို ပင်တေကုတ္တေပွဲနေ့တွင်အပ်နှံပြီးသောအခါ ခရစ်တော်သည်မိမိတပည့်တော်များ၏အသက်တာကို ဝိညာဉ်တော်တန်ခိုးနှင့်ပြည့်စေ၍ ပြောင်းလဲပေး၏။ ထိုနည်းတူ ခရစ်ယာန်တိုင်းသည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအကြောင်းနှင့် မိမိအသက်တာပြောင်းလဲရှင်သန်ကြောင်းကို သက်သေခံပေးရမည်ဖြစ်သည်။ "သို့သော်လည်း ကရုဏာတော်နှင့်ကြွယ်ဝတော်မူသောဘုရားသခင်သည် ငါတို့ကို ချစ်တော်မူသောမေတ္တာတော်ကြီးအားဖြင့် အပြစ်၌သေလျက်ရှိသောငါတို့ကို ခရစ်တော်နှင့်အတူအသက်ရှင်စေတော်မူပြီ၊ ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းသို့ရောက်ရ၏။ ယေရှုခရစ်အားဖြင့် ငါတို့ကိုထမြောက်စေ၍ ကောင်းကင်အရပ်၌နေရာပေးတော်မူပြီ။ အကြောင်းမူကား၊ ထိုသခင်အားဖြင့် ငါတို့၌ကျေးဇူးပြု၍ ကျေးဇူးတော်၏အလွန်ကြွယ်ဝခြင်းကို နောင်ကပ်ကာလတို့၌ထင်ရှားစေမည့်အကြောင်းဖြစ်သတည်း။" (ဧဖက် ၂း၄–၇)။

ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ရသောအခွင့်ရှိသောကြောင့် နှိုင်းယှဉ်၍မရသောကျေးဇူးတော်နှင့်ကရုဏာတော်ကိုပြသရမည်။ ထို့ကြောင့် ကျွန်ုပ်တို့အား တစ်ကမ္ဘာလုံးရှိလူသားများတို့အတွက် ကောင်းသောသတင်းကို ပေးဝေရန် တာဝန်အပ်ခဲ့ပြီးနောက် ကျွန်ုပ်တို့နှင့်အတူသွားလာမည်ဖြစ်ကြောင်းကိုကတိပေးခဲ့ပါသည် (မဿဲ ၂၈း၁၉၊ ၂၀)။ ဗျာဒိတ်တော်သင်ခန်းစာကို ဦးစွာတည်ထောင်ခဲ့သောဆရာကြီးရစ်ချတ်သည် အောက်ပါသက်သေခံချက်ကိုထားခဲ့ပါသည်။ "ကျွန်ုပ်သည် ခရစ်တော်၏ဧဝံဂေလိတရားများကြောင့် လူအများတို့၏စိတ်သည် ပြောင်းလဲလာကြောင်းသိရပါသည်။ ကျွန်ုပ်သည် ကမ္ဘာ့နေရာအနှံ့သို့အမှုတော်ပြုလုပ်ငန်းဖြင့်သွားလာခဲ့သောအခါ ကျွန်ုပ်တို့၏အသင်းတော်သာလျှင် ယူဆောင်ပေးပို့ခဲ့သောဧဝံဂေလိသတင်းစကားကြောင့် ဘုရားသခင်နှင့်ခရစ်တော်တို့၏အကြောင်းကိုကြားသိရကြောင်းသိရပါသည်။ ကျွန်ုပ်တို့သည် ဤလူများတို့၏အသက်တာတွင် ထူးခြားစွာပြောင်းလဲလာကြောင်း (ညစ်ပတ်မှုမှသန့်ရှင်းမှုသို့၊ ဖျားနာခြင်းမှကျန်းမာခြင်းသို့၊ အယူဝါဒများမှခရစ်ယာန်အသက်တာဘဝသို့ ပြောင်းလဲလာကြောင်း) တွေ့ရသည်။ ခရစ်တော်၏ဧဝံဂေလိတရားသည် အမှောင်မှအလင်းသို့ လူမှုအဆင့်အတန်းတွင်လည်း ယောကျာ်းနှင့်မိန်းမအဆင့်အတန်းတူညီစွာနေထိုင်မှုအသက်တာပြောင်းလဲမှုများ၊ ခရစ်တော်၏ဧဝံဂေလိတရားသာလျှင်---'ကယ်တင်ခြင်းပေးသောဘုရားသခင်၏တန်ခိုး' (ရောမ ၁း၁၆)။ ကျွန်ုပ်သိရသည့်အတိုင်း အသင်းတော်သည် ဧဝံဂေလိတရားကိုဟောကြားသည့်အခါ လူ့စိတ်နှလုံးတွင်ပြောင်းလဲမှုရှိသည်။ လူ၏အနေအထိုင်နှင့်အိမ်တွင်ပြောင်းလဲမှုရှိသည်။ လူ၏အသက်တာအားလုံးကို ပြောင်းလဲခြင်းရှိကြောင်းမြင်တွေ့ရသည်။ "ဘုရားသခင်သည် အားနည်းသောလူသားတို့အား စိတ်ပါဝင်စားလောက်သော မိမိ၏အလုပ်ကိုတာဝန်ပေးခဲ့သည်။ အကြောင်းမှာ ဝေငှခြင်းသည် အရေးအကြီးဆုံးသောကြီးထွားခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ယုံကြည်ချက်အတွက် အားရှိရှင်သန်နိုင်ရန် လက်တွေ့တာဝန်ဖြစ်သော သက်သေခံလုပ်ငန်းများကိုအကောင်အထည်ဖော်ရပါမည်။ လာရီသည် အလားတူလုပ်ခဲ့သောအခါ ဝေငှခြင်းသည် သူ၏ယုံကြည်ခြင်းနှင့် အတွေ့အကြုံကိုပြည့်စုံစွာကြီးထွားစေသည်။

## ၂။ ကျွန်ုပ်တို့နေသောအသက်တာဖြင့် ခရစ်တော်အတွက်ဝေငှနိုင်သည်

တစ်ခါက လူငယ်တစ်ဦးသည် မိမိအသက်တာအကြောင်းနှင့်ပတ်သက်၍ပြောခဲ့သည်မှာ– "ကျွန်ုပ်သည် အဖေနှင့်အမေ၏အတွေ့အကြုံများကိုကြည့်ရှုလေ့လာသောအခါ ဘုရားသခင်နှင့်တရားအကြောင်းတို့သည် မစပ်ဟပ်သလို

တွေ့ရပါသည်။ ကျွန်ုပ်ကိုချစ်၍ ကောင်းသောပုံနမူနာကိုပြသောပုဂ္ဂိုလ်များနှင့်မဆုံစည်းရပါ။” ကျွန်ုပ်တို့သည် အထူးသဖြင့် ဘုရားသခင်၏တရားတော်များအကြောင်းနှင့်ပတ်သက်၍ဟောပြောပြလျှင် မှန်ကန်သောနည်းလမ်းဖြင့်သက်သေခံရမည်။ ထိုသက်သေခံသောသူသည် ကောင်းသောအရည်အချင်းနှင့်အရည်အသွေးကိုဖေါ်ပြနိုင်ရမည်။ ထို့ကြောင့် အလွန်ခွန်အား တန်ခိုးနှင့်ပြည့်ဝသောတရားဟောချက်သည် အမြဲတမ်းလိုလိုပင် ကျွန်ုပ်တို့၏အသက်တာကိုပြသခြင်းဖြစ်သည်။ လူတစ်ဦး သည် မိမိသက်သေခံနိုင်ရန် ကောင်းသောသက်သေခံပေးခြင်းဖြစ်ရမည်။ “မယုံကြည်သူလူတို့သည် သင်တို့ကိုကဲ့ရဲ့ပြစ်တင် ကြသည့်အမှုမှာ ဘုရားသခင်ကြည့်ရှုစီရင်တော်မူသောနေ့ရက်၌ သင်တို့၏ကောင်းသောအကျင့်ကို သူတို့သည်ထောက်ရှု၍ ဘုရားသခင်ကိုချီးမွမ်းမည့်အကြောင်း သူတို့ရှေ့၌တင့်အပ်လျောက်ပတ်စွာကျင့်နေကြလော့။ ကိုယ့်အပြစ်ကြောင့်ဒဏ်ခံရ သောအခါ သည်းခံလျှင်အဘယ်မျှလောက်ချီးမွမ်းစရာရှိသနည်း။ ကောင်းမွန်စွာပြု၍ ဆင်းရဲခံရသောအခါ သည်းခံလျှင် ဘုရားသခင်ရှေ့တော်၌ကျေးဇူးရှိ၏။ အကြောင်းမူကား ထိုသို့အလို့ငှါ သင်တို့ကိုခေါ်တော်မူပြီ။ ခရစ်တော်သည် ငါတို့ အတွက်ခံတော်မူသည်ဖြစ်၍ ခြေတော်ရာကိုလျှောက်လိုက်စေခြင်းငှါ ပုံသက်သေကိုထားတော်မူပြီ” (၁ပေ ၂း၁၂၊ ၂၀၊ ၂၁)။ ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ နာကျင်ခြင်းဒဏ်ကို ကျွန်ုပ်တို့အတွက်ခံခဲ့ပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏သက်စွန့်ပေးကမ်းခဲ့သောပုံနမူနာကိုတွေ့သိရပါသည်။ ထိုမေတ္တာတော်ဆုကျေးဇူး၏ရလဒ်မှာ မေတ္တာနှင့် ပြည့်ဝသောလက်တွေ့လုပ်ရပ်များသည် သူတစ်ပါးအတွက်ဖြစ်ရမည်။ ထိုကဲ့သို့သောဥပမာများသည် တန်ခိုးခွန်အား ပြည့်သောဆွဲဆောင်မှုဖြစ်၍ ခရစ်တော်ထံသို့လူများကိုပို့ဆောင်နိုင်သည်။

## ၃။ ကျွန်ုပ်တို့တွေးဆသိမြင်သည့်အတိုင်း သူများတို့ကိုခရစ်တော်အကြောင်းဟောပြောသည်

စာတန်နတ်ဆိုးသည် ခရစ်တော်တောတွင်းအစာရှောင်တရားကျင့်သောအခါ ချုံခိုစစ်ပွဲတစ်ခုကိုရှုံးနိမ့်စွာဖြင့် ဆုတ်ခွါခဲ့ရပါသည်။ ၎င်းတိုက်ပွဲများမှာ အစားအစာနှင့်ပတ်သက်သောတိုက်ပွဲ၊ လောကစည်းစိမ်တိုက်ပွဲ၊ ဘုရားသခင် အပေါ်တွင်သံသယရှိစေသောတိုက်ပွဲများဖြစ်သည်။ ခရစ်တော်သည် ထိုတိုက်ပွဲများကိုအောင်မြင်စွာတွန်းလှန် တိုက်ခိုက်ခဲ့ပါသည်။ (မဿဲ ၄း၄၊ ၇၊ ၁၀)။ ခရစ်တော်သည် စာတန်နတ်ဆိုးကိုအောင်နိုင်ခြင်းမှာ သူ၏စိတ်နှလုံး တွင် ကျမ်းစာ၏ဖြောင့်မတ်ခြင်းတရားများတို့နှင့်ပြည့်ဝသောကြောင့်ဖြစ်သည်။ ထိုစိတ်စစ်ပွဲသည် ကျမ်းစာ၏ ဖြောင့်မတ်ခြင်းနှင့်တိုက်ခိုက်မှသာအောင်မြင်နိုင်သည်။ “သူသည် စိတ်ထင်သည့်အတိုင်းဖြစ်၏။ စားသောက်တော့ဟု ဆိုသော်လည်း စေတနာစိတ်မရှိ” (သု၊ ၂၃း၇)။ တက်လမ်းရှိသောခရစ်ယာန်များတို့သည် ကောင်းကင်ခရီးကိုသာစဉ်းစား၍ မျက်မှောက်ပြုရပါမည်။ ထိုသူတို့သည် ရှင်သန်ထကြွသောအရည်အချင်းနှင့်စူးစိုက်ကာ အားထုတ်လျက်ရှိသည်။ “ဘုရားသခင်၌အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့၊ တစ်ဖန်ငါဆိုသည်ကား ဝမ်းမြောက်ကြလော့၊ လူအပေါင်းတို့ရှေ့၌ သင်တို့၏ဖြည်းညင်းခြင်းသဘောကိုထင်ရှားစေကြလော့၊ ဘုရားသခင်သည် အနီးအပါး၌ရှိတော်မူ၏။ အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းသောအားဖြင့် သင်တို့တောင်းပန်လိုသော အရာများတို့ကို ဘုရားသခင်အားကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင် အဘယ်သူမျှကြံ၍မမီနိုင်သောဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့စိတ်နှလုံးတို့ကိုစောင့်မလိမ့်မည်။ ကြွင်းသေးသောစကားဟူမူကား၊ ညီအစ်ကိုတို့၊ အမှန်တရားနှင့်ဆိုင်သောအကျင့်၊ လျောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊ စင်ကြယ်သောအကျင့်၊ သူတစ်ပါးနှစ်သက်ဖွယ်သောအကျင့်၊ ချီးမွမ်းဖွယ်သောအကျင့်ရှိသမျှတို့ကိုလည်းကောင်း၊ ကောင်းမှုတစ်ပါးပါး၊ ကောင်းသောသတင်းတစ်ပါးပါးနှင့်ဆိုင်သောအကျင့်တို့ကိုလည်းကောင်း နှလုံးသွင်းကြလော့။ သင်တို့သည် အထက်ကသင်ယူ၍ ငါ၌ကြားမြင့်ခဲ့ပြီးသမျှတို့ကိုကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်သည် သင်တို့နှင့်အတူရှိတော်မူလိမ့်မည်” (ဖိလိပ္ပိ ၄း၄–၉)။ ကျွန်ုပ်တို့၏စိတ်ကိုနူးညံ့သိမ်မွေ့မှုပညာပေးဆုံးမသောအခါ ထူးခြားမှုများကိုမြင်တွေ့ရပါမည်။ ဘုရားသခင်၏နှုတ်ထွက်စကားတော်တို့နှင့်ပြည့်ဝလျှင် ဘုရားသခင်၏အသက်တာနှင့် ပြည့်ဝသောအသက်တာကိုသက်သေခံနိုင်လိမ့်မည်။

## ၄။ ကျွန်ုပ်တို့ထင်မြင်သလို ကျွန်ုပ်တို့ခရစ်တော်ကိုဝေငှပါသည်

ခရစ်တော်၏ကိုယ်စားလှယ်ဖြစ်သကဲ့သို့ ခရစ်ယာန်တို့သည် ကိုယ်ကျင့်တရားကောင်းရှိရမည်။ အစွန်းထွက်တရားများတို့ကိုရှောင်ရှား၍ အမြင်နှင့်အထင်အတိုင်းမျှတစွာကျင့်သုံးရမည်။ "အထက်ဆိုခဲ့ပြီးသည့်နည်းတူ မိန်းမတို့၊ ကိုယ့်ခင်ပွန်း၏အုပ်ချုပ်ခြင်းကိုဝန်ခံကြလော့။ သို့ပြု၍ နှုတ်ထွက်တရားတော်ကိုနားမထောင်သောယောကျ်ားအချို့ရှိလျှင် ထိုသူတို့သည် တရားနားမထောင်သော်လည်း သင်တို့၏ကြောက်ရွံ့ခြင်းနှင့် စင်ကြယ်သောအကျင့်တို့ကိုထောက်ရှု၍ မိမိမယား၏အကျင့်အားဖြင့် သွေးဆောင်လျက်အတူပါမည့်အကြောင်းရှိ၏။ သင်တို့၌တန်ဆာဆင်ခြင်းအမှုကား ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်းတည်းဟူသော အပြင်တန်ဆာဆင်ခြင်းမဖြစ်စေဘဲ ဘုရားသခင်၏ ရှေ့မှာအဖိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖေါက်ပြန်မပျက်စီးတတ်သောတန်ဆာဆင်ခြင်းရှိသောစိတ်နှလုံး၏ အတွင်းလူဖြစ်စေကြလော့။ ဘုရားသခင်ကိုကိုးစား၍ သန့်ရှင်းသောမိန်းမတို့သည် ရှေးကထိုသို့ကိုယ်ကိုတန်ဆာဆင်လျက်၊ စာရာသည် အာဗြဟံကိုသခင်ဟုခေါ်ဝေါ်၍ သူ၏စကားကိုနားထောင်သကဲ့သို့၊ ကိုယ့်ခင်ပွန်း၏အုပ်စိုးခြင်းကိုဝန်ခံကြ၏" (၁ပေ ၃း၁–၅)။ ရိုးသားယဉ်ကျေးသောအဝတ်နှင့်ဆင်ယင်မှုတို့သည် သဘာဝခရစ်ယာန်အမှတ်အသားဖြစ်၍ ခရစ်တော်၏ရုပ်လုံးနှင့်အမြဲတစေတူညီသည်။ ထိုကဲ့သို့သောသဏ္ဍာန်ဖြင့် အများလူသူရှေ့တွင် ကျွန်ုပ်တို့သည်ခရစ်တော်၏ရုပ်ပြဖြစ်မည်။

## ၅။ ကျွန်ုပ်တို့အကျင့်ကောင်းများအားဖြင့် ခရစ်တော်၏တရားတော်ကိုဝေငှနိုင်သည်

သမိုင်းဆရာကြီးအက်ဒဝက်ဂစ်ဗန်၏ပြောပြချက်အရ၊ ဗိုလ်ချုပ်ကြီးဂလားရီးယပ်(စ်)ပါရှားတပ်မကြီးကို ဝင်စီးသောအခါ တောက်ပပြောင်လက်သောအိတ်တစ်လုံးသည် ပုလဲများအပြည့်နှင့်လုယူခိုးဝှက်သောရဲဘော်၏ လက်ထဲသို့ရောက်သွားသောအခါ ထိုရဲဘော်သည် အသုံးဝင်သောအိတ်ကိုသွန်၍ အလွန်တန်ဖိုးကြီးသောပုလဲများတို့ကို လောင်းချလိုက်လေသည်။ လူအများတို့သည် အတုအယောင်စိတ်ဖြင့် ယာယီပျော်မွေ့သာယာစေသောအရာများဖြင့်သာ နှစ်သိမ့်ကြည်နူးစေတတ်သောကြောင့် တန်ဖိုးကြီး၍ အဖိုးမဖြတ်နိုင်သောပုလဲရတနာတည်းဟူသော ခရစ်တော်ကို စွန့်လွှတ်တတ်ပါ၏။ ထို့ကြောင့် တန်ဖိုးမဖြတ်နိုင်သောပုလဲရတနာသည် လုယူခိုးဝှက်သောရဲဘော်ထက် အခြေအနေဆိုးဝါးယိမ်းယိုင်သွားပါသည်။ အနက်မှာ တစ်သက်မကတန်ဖိုးကြီးမားသောရတနာများတို့သည် လက်ကြားမှစီးဆင်းသွားသောရေကဲ့သို့ဖြစ်သည်။ မွန်မြတ်သောကယ်တင်ခြင်းရတနာသည်လည်း အလားတူဖြစ်သွားနိုင်သည်။ ကျမ်းစာသတိပေးချက်အရ၊ "လောကကိုလည်းကောင်း၊ လောက၌ရှိသောအရာများတို့ကိုလည်းကောင်း မချစ်ကြနှင့်။ လောကကိုချစ်သောသူမည်သည်ကား ခရစ်တော်ကိုချစ်ခြင်းမေတ္တာမရှိ၊ လောက၌ရှိသမျှသောအရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကစည်းစိမ်၌ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်ကြ၏။ လောကနှင့်လောကတပ်မက်ခြင်းသည် ရွေ့သွားကွယ်ပျောက်တတ်၏။ ဘုရားသခင်အလိုတော်နှင့်အညီ ကျင့်သောသူမူကား ထာဝရတည်၏" (၁ကော ၂း၁၅–၁၇)။ စာတန်သည် လုံ့လဝီရိယဖြင့် ကြိုးစားကာ အပြစ်နှင့်အဆိုးဆုံးအကျင့်စရိုက်များဖြစ်၏။ သေရည်သေရက်များကိုကြော်ငြာသောအခါ အသက်နုပျို၍ လုပသောသူများ၊ အလုပ်ကြိုးစားသောသူများ၊ အထူးသဖြင့် ပျော်မွေ့ခြင်းနှင့်သာယာခြင်းရှိသောသူများတို့ကိုအသုံးပြုတတ်ပါသည်။ ကြော်ငြာများတွင် ကျန်းမာရေးချို့တဲ့သောသူ၊ အရုပ်ဆိုးအကျည်းတန်သူများဖြင့် သေရည်သေရက်ရောင်းရန်ကြော်ငြာခြင်းကို ဘယ်သောအခါမျှမပြုခဲ့ပါ။ ကျွန်ုပ်တို့သည် ပေါင်းသင်းဆက်ဆံမိတ်ဆွေဖွဲ့ရာ၌ ကျွန်ုပ်တို့၏ ခရစ်ယာန်ကျင့်စဉ်များ၊ အကျင့်ကောင်းများကိုဘယ်သောအခါမျှမစွန့်လွှတ်ရ။ (၂ကော ၆း၁၄)။ ခရစ်တော်သည် ကျွန်ုပ်တို့အား ခရစ်ယာန်မဟုတ်သောသူများတို့နှင့်မိတ်ဆွေဖွဲ့ဆက်သွယ်ရန်လိုလားပါသည်။ ရင်းနှီးမှုနှင့်ပေါင်းဖေါ်မှုများတို့သည် ခရစ်တော်အား မိမိယုံကြည်ခြင်းကိုလက်တွေ့ဝေငှသောအခြေခံနည်းလမ်းများဖြစ်ပါသည်။ အစဉ်သတိပြုရမည့်အချက်မှာ သင်၏အပေါင်းအသင်းများတို့သည် အပြစ်လောကသို့ သင့်အားသွေးဆောင်ခေါ်ယူခြင်းမဖြစ်စေရန် ကျွန်ုပ်တို့၏အသက်တာတွင် ပျော်မွေ့မှုကိုရှာရာ၌ပင် သတိအမြဲရှိရမည်။ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်ရေးအသက်တာကို

ထိပါးနှောင့်ယှက်နိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် စိတ်၏ပျော်မွေ့မှုကိုဖျော်ဖြေရန်အတွက် အသုံးပြုသောအရာများတို့ကို အထူးသတိဝီရိယဖြင့်ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရမည်။ "အတင်းအကျပ်အမှုအရာကိုမျက်မှောက်မပြုပါ။ လမ်းလွဲသောသူ၏အမှုကိုရွံရှာသည်ဖြစ်၍ ငါ၌မမှီမကပ်ရ" (ဆာလံ ၁၀၁း၃)။ ကျွန်ုပ်တို့သည် အကောင်းဆုံးသောကိုယ်ကျင့်တရားများကိုကျင့်သုံးပါလျှင် အဆိုးဆုံးသောအပြစ်များတို့ကိုအောင်နိုင်ပါမည်။ မြင့်မြတ်စင်ကြယ်သောအကျင့်တရားများတို့ကို မိမိတို့၏အိမ်ထောင်စုတိုင်း၌ကျင့်သုံးလျှင် ကျွန်ုပ်တို့၏အသက်တာသည် ကျဉ်းမြောင်း၍မသွားနိုင်ပါ။ ခရစ်ယာန်ဘာသာဝင်များတို့သည် မိမိတို့၏အသက်တာကိုသူများထက်ပျော်ရွှင်နိုင်ရန်ကျင့်သုံးနိုင်ရမည်။ "အသက်ရှင်ခြင်းလမ်းကိုပြသွန်တော်မူလိမ့်မည်။ အထံတော်၌စုံလင်သောဝမ်းမြောက်ခြင်းအခွင့်နှင့် လကျ်ာတော်နားမှာအစဉ်အမြဲပျော်ရွှင်ခြင်းအခွင့်ရှိပါ၏" (ဆာလံ ၁၆း၁၁)။

## ၆။ ပေးကမ်းစွန့်ကြဲခြင်းဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏အဆုံးအမတရားကိုလိုက်နာဝေငှပေးသည်

လူတစ်ဦးကိုနှစ်ခြင်းပေးခါနီးတွင် သူ၏အိတ်၌မှတ်တမ်းစာအုပ်၊ ငွေအများနှင့်ပြည့်သောအင်္ကျီအိတ်ကိုတွေ့သောအခါ ဆရာကြီးက သင်၏ငွေများကိုအဝတ်အစားလဲသောအခန်း၌ထားရန် သတိပေးလိုက်သောအခါ ထိုပုဂ္ဂိုလ်က "ကျွန်တော်သည်မှတ်တမ်းစာအုပ်နှင့်ငွေများပါအတူတကွနှစ်ခြင်းခံယူမည်ဖြစ်ပါသည်။" ထိုသူ၏ရှင်းပြချက်အရ၊ ခရစ်ယာန်တို့၏ကိုယ်ကျင့်တရားများကို အထူးသဖြင့်ဝေငှပေးကမ်းခြင်းများကိုသိလာသောကြောင့် သူ၌ပါသောဥစ္စာပစ္စည်းများကိုပါပေးကမ်းလိုကြောင်းပြောပြပါသည်။ အကြောင်းမှာ "အစွန့်အကြဲခံရခြင်းအရာထက် စွန့်ကြဲခြင်းအရာသည်သာ၍မင်္ဂလာရှိသည်" (တမန်တော် ၂၀း၃၅) ဟုသူ၏ယုံကြည်ချက်ကို ကျွန်ုပ်အားဝေပေးလိုက်ပါသည်။

ဘုရားသခင်၏နိုင်ငံတော်ကိုတည်ဆောက်ရန် တရားသဖြင့်ရှာဖွေစုဆောင်းရရှိသောဥစ္စာပစ္စည်းများကို ကိုယ်ရောစိတ်ပါကြည်ဖြူစွာပေးကမ်းခြင်းသည် ထာဝရဘဏ္ဍာကိုဆည်းပူးခြင်းဖြစ်ပါသည်။ "သံချေးပိုးရွ ဖျက်ဆီး၍ သူခိုးထွင်းဖေါက်ခိုးယူရာမြေကြီးပေါ်မှာ ဘဏ္ဍာကိုမဆည်းပူးကြနှင့်။ သံချေးပိုးရွ မဖျက်ဆီး၍ သူခိုးမထွင်းမဖေါက်မခိုးမယူရာကောင်းကင်၌ဘဏ္ဍာကိုဆည်းပူးကြလော့။ အကြောင်းမူကား အကြင်အရပ်၌ သင်တို့ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့၏စိတ်နှလုံးရောက်တတ်၏" (မဿဲ ၆း၁၉–၂၁)။

သင်ပေးကမ်းသောအခါသတိပြုရမည့်အချက်မှာ "ထာဝရဘုရားသခင်သည် မြေကြီးနှင့်မြေကြီးတန်ဆာကိုလည်းကောင်း၊ လောကဓါတ်နှင့်လောကသားတို့ကိုလည်းကောင်း ပိုင်တော်မူ၏" (ဆာလံ ၂၄း၁)။ ၎င်းပြင် ငွေနှင့်ရွှေပါသည် (ဟဂ္ဂဲ ၂း၈)။ ကျွန်ုပ်တို့ကိုဘုရားသခင်ကပိုင်ဆိုင်ကြောင်း၊ ကျွန်ုပ်တို့ကိုဘုရားသခင်ကဖန်ဆင်းကြောင်း၊ ကျွန်ုပ်တို့ကိုအပြစ်မှ မိမိ၏အသက်ကိုပေးခြင်းဖြင့် အသွေးတော်အားဖြင့်ဝယ်ယူကာကယ်တင်ကြောင်း (၁ကော ၆း၁၉၊ ၂၀) ကိုသိရှိနားလည်ရမည်။ ကျွန်ုပ်တို့မှာရှိသောပစ္စည်းဥစ္စာ၊ ရွှေငွေဘဏ္ဍာအားလုံးကိုပေးသောကြောင့်ဖြစ်သည်။ "စည်းစိမ်ရတတ်သောအစွမ်းသတ္တိကို ဘုရားသခင်ပေးတော်မူ၏" (တရား ၈း၁၈)။ ထို့ကြောင့် ကယ်တင်ရှင်သခင်ခရစ်တော်သည်မိမိကိုယ်ကိုပေးဆပ်အပ်နှံခြင်းအားဖြင့် ဤကယ်တင်ခြင်းတရားတော်ကို လူများတို့အားပေးဝေရန်ဖိတ်ခေါ်နေပါသည်။ "လူသည် ဘုရားသခင်၏ဥစ္စာကိုလုယူရမည်လော။ သို့သော်လည်း သင်တို့သည် ငါ့ဥစ္စာကိုလုယူကြပြီ။ အကျွန်ုပ်တို့သည်အဘယ်သို့လုယူပါသနည်းဟု သင်တို့မေးလျှင် ဆယ်ဖို့တစ်ဖို့ကိုလည်းကောင်း၊ ပူဇော်သကာတို့ကိုလည်းကောင်း လုယူကြပြီ။ သင်တို့သည်ကျိန်ခြင်းဆိုးကျိုးကိုခံရကြ၏။ အကြောင်းမူကား ပြည်သူပြည်သားအပေါင်းတို့သည် ငါ့ဥစ္စာကိုလုယူကြပြီ။ ဆယ်ဖို့တစ်ဖို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍ ငါ့အိမ်တော်၌စားစရာရှိစေခြင်းငှါပြုကြလော့။ ငါသည်မိုးကောင်းကင်ပြတင်းပေါက်တို့ကိုဖွင့်၍ ကောင်းချီးမင်္ဂလာကိုအကုန်အစင်သွန်းလောင်းမည်၊ မသွန်းလောင်းမည်ကိုထိုသို့စုံစမ်းကြလော့ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်မိန့်တော်မူ၏" (မာလခိ ၃း၈–၁၀)။ ဆယ်ဖို့တစ်ဖို့သည်ကျွန်ုပ်တို့ရရှိသောစီးပွားဥစ္စာများမှ ဆယ်ပုံတစ်ပုံဖြစ်သည်။ (တရား ၁၄း၂၂။ ကမ္ဘာ ၂၈း၂၂)။ လယ်သမားနှင့်ကုန်သည်များတို့အတွက် ဝင်ငွေမှကုန်ကျစရိတ်နုတ်ပြီးသောလက်ကျန်ငွေဖြစ်သည်။ လခစားများမှာ လခ၏ဆယ်ပုံ

တစ်ပုံဖြစ်သည်။ ဆယ်ဖို့တစ်ဖို့၏လှူရခြင်းအကြောင်းအရာသည် ဘာသာရေးအကျင့်တရားနှင့် ဝိနည်းပညတ်ချက်များဖြစ်သည်။ အကြောင်းမှာ ဆယ်ဖို့တစ်ဖို့မပေးသောသူသည် ထာဝရဘုရားသခင်၏ဥစ္စာပစ္စည်းကိုလုယူသောသူဖြစ်သည်။ ဆယ်ဖို့တစ်ဖို့သည် ဘုရားသခင်နှင့်ဘုရားသခင်၏လုပ်ငန်းများလုပ်ဆောင်ရန်အတွက်သာအသုံးပြုရမည် (၁ကော ၉း၁၄)။ ၎င်းပြင် ဤကမ္ဘာပေါ်တွင် သူ၏လုပ်ငန်းနှင့်သူ၏ကြွလာခြင်းအတွက် လုပ်ငန်းပြင်ဆင်မှုဖြစ်သည် (မဿဲ ၂၄း၁၄)။ ခရစ်တော်သည် ဤလောကတွင်လာရောက်နေထိုင်၍ သက်တော်ထင်ရှားစဉ်က ဆယ်ဖို့တစ်ဖို့ပေးခြင်းနှင့်ပတ်သက်သောလုပ်ငန်းကိုမှာကြားထောက်ခံခဲ့ပါသည် (မဿဲ ၂၃း၂၃)။ အလှူငွေကို ကျွန်ုပ်တို့သည် မည်မျှပေးလှူရမည်နည်း။ အလှူငွေများသည် အလှူရှင်နှင့်သာသက်ဆိုင်သည်။ သူ၏စိတ်စေတနာအရ ပေးလှူနိုင်သည် (၂ကော ၁၉း၅-၇)။ ဝေငှပေးကမ်းရာ၌ လူသည်ဘုရားသခင်နှင့်တုပြိုင်၍မရနိုင်ပါ။ “သူတစ်ပါးအားပေးကမ်းကြလော့၊ ပေးလျှင် သူတစ်ပါးသည် သင်တို့အားပေးကြလိမ့်မည်။ အမှန်ခြင်ရုံမျှမက သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့် သင်တို့ရင်ခွင်၌ပေးကြလိမ့်မည်။ အကြောင်းမူကား အကြင်ချိန်တင်းပမာဏနှင့် သင်တို့သူတစ်ပါးအားပေး၏။ ထိုပမာဏအတိုင်းကိုယ်ခံရကြမည်” (မဿဲ ၆း၃၈)။ ဆရာကြီးရစ်ချတ်ပြောပြချက်အရ၊ လော့အင်းဂျလစ်မြို့တစ်နေရာတွင် လောင်းကစားသမားတစ်ဦးသည် ကျွန်ုပ်တို့အစည်းအဝေးသို့တက်ရောက်ရာ သူပြောသောအချက်ကိုကျွန်ုပ်ယနေ့အထိမမေ့နိုင်တော့ပါ။ သူ၏အိတ်မှငွေထုတ်ကိုဆွဲယူကာ (ဒေါ်လာ ၅၀၀) ဒါဟာကျွန်တော့်ရဲ့ပထမဆုံးဆယ်ဖို့တစ်ဖို့ပါဟုပြောပြခဲ့ပါသည်။ ဤလူသည်ကျန်းမာရေးမကောင်းပါ။ ထို့ကြောင့် အလုပ်မလုပ်ဘဲနှင့် နှစ်ပေါင်းသုံးလေးဆယ်ခန့်လောင်းကစားဖြင့်သာ အသက်မွေးဝမ်းကျောင်းခဲ့ပါသည်။ ယခုလက်ရှိငါးဒေါ်လာ၊ ခြောက်ဒေါ်လာခန့်သာကျန်ခဲ့၏။ သူ့အား ခင်ဗျားမည်ကဲ့သို့စားသောက်မည့်အကြောင်းမေးခဲ့ရာ ကျွန်တော်တော့မသိပါ။ ကျွန်တော်သိတာက ဆယ်ဖို့တစ်ဖို့ဟာဘုရားသခင်ရဲ့ငွေပဲ၊ ဘုရားသခင်ကိုပဲပြန်အပ်ရမယ်။ ဘုရားသခင်သည်ကျွန်ုပ်ကိုစောင့်ရှောက်ပါလိမ့်မည်။

ဤလူ၏နောင်တတရားသည် စစ်မှန်သည်ဖြစ်၍ ဘုရားသခင်သူ့ကိုကြည့်ရှုစောင့်ရှောက်ပါသည်။ သူသည် နှစ်ခြင်းခံ၍ ဝမ်းမြောက်ဝမ်းသာခရစ်ယာန်တစ်ယောက်၏အသက်တာရရှိခဲ့ပါသည်။ ဘုရားသခင်သည်လည်း သူ၏အသက်တာကိုသူသေသည့်အထိစောင့်ရှောက်ခဲ့ပါသည်။ ဘုရားသခင်သည် သစ္စာရှိသောယုံကြည်သူများတို့ကို သူဌေးဖြစ်ရန်ကတိမပေးခဲ့ပါ။ သို့ရာတွင် ယုံကြည်သူတစ်ဦး၏အတွက် လုံလောက်သောမစကူညီခြင်းကတိကိုပေးပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက်လိုလေသေးမရှိပေးပါသည်။ သူ့အား ကျွန်ုပ်တို့၏အသက်တာကိုလုံးလုံးပေးလှူအပ်နှံပါစို့။ ကျွန်ုပ်တို့နေသောအသက်တာကိုပြခြင်းဖြင့် ခရစ်တော်အကြောင်း၊ တရားကိုမသိသူများနှင့်ပေးဝေနိုင်သောသူဖြစ်ပါစေ။ ဘုရားသခင်ကိုကြည်ညိုလေးစားစွာဖြင့် အာရုံပြုပါ။ တရားတော်ကိုစောင့်ပါ။ မိမိပိုင်ပစ္စည်းငွေကြေးဥစ္စာကိုသူတစ်ပါးအားစွန့်ကြဲပေးကမ်းပါ။ ခရစ်တော်၏တရားတော်မြတ်ကိုရှာဖွေတွေ့ရှိ၍ အခြားသောသူတို့အားမိမိဝမ်းမြောက်ခြင်းဖြင့်ဝေဖြန့်၍ သူ၏ကျေးဇူးတရား၌တန်ခိုးတော်ကိုချီးမွမ်းနိုင်သောသူဖြစ်ပါစေ။

-၀-

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၁၇) အဖြေလွှာ
## ဝေငှခြင်းဖြင့်ကြီးပွားနိုင်သောသော့ချက်

မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် (x) ပေးပါ။

၁။ ခရစ်တော်၏ယုံကြည်ခြင်းကိုဝေငှခြင်း၊

------ အားလုံးသောခရစ်ယာန်ကိုဝေငှခြင်းဖြင့်ကြီးပွားစေသည်။

------ ရွေးချယ်ခြင်းခံရသောကန့်သတ်ထားသည့်ခရစ်ယာန်အတွက်သာဖြစ်သည်။

၂။ ခရစ်တော်၏အကြောင်းနှင့်ဝေငှရာ အားအပါဆုံးနည်းလမ်းဖြစ်သည်။

------ သင်နှင့်ဆန့်ကျင်သောသူအား စကားရည်ဖြင့်ငြင်းခုံခြင်းဖြစ်သည်။

------ ကျွန်ုပ်တို့နေသောအသက်တာဖြင့် ဝေငှခြင်းဖြစ်သည်။

၃။ စုံစမ်းခြင်းအောင်နိုင်ရန် နည်းလမ်းအကောင်းဆုံးဖြစ်သည်။

------ ကျမ်းစာကိုတတ်ကျွမ်းနားလည်ခြင်းဖြင့်။

------ လူ၏စိတ်ပိုင်းဆိုင်ရာအတတ်ပညာပုံသေနည်းကိုနားလည်ခြင်းဖြင့်။

၄။ ခရစ်ယာန်တစ်ဦးသည် ခရစ်တော်၏တရားကိုဝေငှနိုင်သည်။

------ ထူးဆန်းသောအဝတ်ကိုဝတ်ခြင်းဖြင့် ပြည့်စုံသောခရစ်ယာန်အသက်တာကိုဝေငှခြင်း။

------ ရိုးသားယဉ်ကျေး၍ ကျက်သရေရှိသောဝတ်စားဆင်ယင်မှုဖြင့်။

၅။ ခရစ်ယာန်အနေဖြင့် မိမိအမြင်၊ အလုပ်ကိုလုပ်လျှင်၊

------ ဝိညာဉ်ရေးအသက်တာကိုထိခိုက်နိုင်သည်။

------ ခရစ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်းကိုလည်းထိပါးနိုင်သည်။

၆။ မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် (x) ပေးပါ။

------ ကမ္ဘာကြီးနှင့်ခပ်သိမ်းသောအရာသည် ဘုရားသခင်ပိုင်ဆိုင်သည်။

------ ကျွန်ုပ်တို့ကိုဖန်ဆင်းသောဘုရားသခင်သည် စီးပွားဥစ္စာကိုရှာဖွေနိုင်သောစွမ်းရည်သတ္တိပေးသည်။

------ ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေပေးရန် ဘုရားသခင်မှာကြားခဲ့သည်။

------ ခရစ်တော်သည် ဆယ်ဖို့တစ်ဖို့ကိုပေးအပ်ရန်ထောက်ခံသည်။

------ ဆယ်ဖို့တစ်ဖို့ပေးခြင်းဖြင့် တရားဟောလုပ်ငန်းကိုလုပ်ဆောင်နိုင်ရန် ဤနည်းလမ်းကိုဘုရားသခင် အသုံးပြုသည်။

------ အလှူငွေပေးခြင်းသည်လည်း ဧဝံဂေလိတရားကိုကျယ်ပြန့်စေသည်။

**နှလုံးသားမေးခွန်း**

သင်သည် သင်၏အတွေးအခေါ်၊ သင်၏အကျင့်တရား၊ သင်၏အမြင်၊ သင်၏ငွေကြေးကူညီမစခြင်းဖြင့် ဧဝံဂေလိတရားကို ခရစ်တော်နှင့်တွဲဖက်၍ဝေငှလိုပါသလား။

–၀–

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်**-------------------------------

**လမ်းနှင့်အိမ်အမှတ်**-----------------------

**မြို့**-----------------------------------

**နယ်**----------------------------------

**ကိုးကွယ်သည့်ဘာသာ**---------------------